# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

May 3, 2024 Volume 78, Number 2

၃.၅.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၃၀၆ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၅၅.၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၅၂.၇ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၃၇.၃ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၈၂.၂ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၀.၀၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၁၇၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၄.၂၉ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၂.၉၀ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၇.၀၇၃ ကျပ် |

Source: CBM Rate, etrademyanmar.com

## ပြည်ပပို့ကုန် အလားအလာရှိသော နှမ်းသီးနှံဈေးကွက် ရှင်းလင်းဆွေးနွေးပွဲပြုလုပ်ခြင်း





ပြည်ပပို့ကုန်အလားအလာရှိသော နှမ်းသီးနှံဈေးကွက် ရှင်းလင်းဆွေးနွေးပွဲကို ၂၀၂၄ ခုနှစ် ဧပြီလ ၃၀ ရက် နံနက် ၁၀:၃၀ နာရီအချိန်တွင် မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့၊ ရုံးအမှတ်-၃၊ အစည်းအဝေးခန်းမ၌ (Virtual System)ဖြင့် ကျင်းပပြုလုပ်ခဲ့ရာ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများနှင့် မြန်မာ ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ တိုင်းဒေသကြီး/ပြည်နယ် ဦးစီးမှူးရုံး တာဝန်ခံများ စုစုပေါင်း ၂၅ ဦး တက်ရောက်ခဲ့သည်။ ဆွေးနွေးပွဲတွင် မြန်မာကုန်သွယ်မှု မြှင့်တင်ရေး အဖွဲ့၊ ညွှန်ကြားရေးမှူးချုပ်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြန်မာ ကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့၊ မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဒေါ်ညွှန့်ညွှန့်စိန် (ဦးစီးအရာရှိ)က မကွေးတိုင်းဒေသကြီး၏ ပြည်ပပို့ကုန်အလားအလာရှိသော အမည်ဖြစ်သည့် နှမ်းပို့ကုန် ဈေးကွက်အလားအလာအား ရှင်းလင်းတင်ပြခဲ့သည်။

ဆွေးနွေးပွဲ တက်ရောက်လာသူများက သိရှိလိုသည်များအား အထွေထွေဆွေးနွေး ခဲ့ပြီး ဆွေးနွေးပွဲကို ၁၂ နာရီ ၁၅ မိနစ်အချိန်တွင် ရုပ်သိမ်းခဲ့သည်။

**Source: မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့**

https://myantrade.gov.mm/article/Naypyitaw_30042024_1640

## ပဲနှမ်းဈေးကွက်တည်ငြိမ်နေပြီး လိုအပ်သလောက်သာဝယ်ယူသည့် ဈေးကွက်ဖြစ်နေ

ဈေးကွက်အပြောင်းအလဲမရှိဘဲ ဈေးငြိမ်ငြိမ်ဖြင့် လိုအပ်သလောက်သာ ဝယ်ယူသည့် ဈေးကွက်ဖြစ်နေကြောင်း ပဲကုန်သည်များထံက သိရသည်။ ပို့ကုန်ပဲများ ဈေးအနည်းငယ်ကျဆင်းနေသလို ပြည်တွင်းသုံးကုလားပဲများလည်း ဈေးတည်ငြိမ်နေ သည်။

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၈၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm



ပဲ၊ နှမ်းဈေးကွက်တစ်ခုလုံး ဈေးငြိမ်ငြိမ်လေးနှင့် လိုသလောက်သာ ဝယ်ယူနေသည့် ဈေးကွက်ဖြစ်နေတာကြောင့်လည်း ဈေးအတက်အကျ အပြောင်းအလဲ သိပ်မရှိဘဲ အရောင်းအဝယ်ဖြစ်နေသည့် ဈေးကွက်ဖြစ်ကြောင်း ပို့ကုန်ပဲများ အိန္ဒိယနိုင်ငံ၏အဝယ်နှင့် သင်္ဘောတင်အခြေအနေများကြောင့် အရောင်းအဝယ် အေးနေခြင်းဖြစ်ကြောင်း ရွှေစင်သိန်းပွဲရုံပိုင်ရှင် ဦးကျော်သွင်ကပြောသည်။

"ပဲ၊ နှမ်းဈေးကွက်တစ်ခုလုံးကတော့ ခပ်ငြိမ်ငြိမ်နဲ့ လိုရောင်းလိုဝယ်ဈေးကွက် အနေအထားပဲရှိနေပါတယ်။ ကုလားပဲဈေးကွက်ကလည်း ဈေးအနယ်ငယ်ကျဆင်းနေပါတယ်။ ပို့ကုန်ပဲတွေလည်း ဈေးကျဆင်းနေပါတယ်။ တရုတ်လိုင်းပဲတွေလည်း သွက်သွက်လက်လက် မရှိသေးဘူး။ ဈေးကွက်မှာ ဈေးငြိမ်နေပြီး လိုအပ်သလောက် အဝယ်လေးနဲ့ အရောင်းအဝယ်ဖြစ်နေတာပါ" ဟု ၎င်းကပြောသည်။

မေလ ၂ ရက်တွင် အိန္ဒိယနိုင်ငံကုန်သည်များ၏ ဝယ်လိုအားနည်းနေခြင်းဖြစ်ရာ ပို့ကုန်မတ်ပဲတစ်အိတ်လျှင် ငွေကျပ် ၂၉၂,၀၀၀၊ ပဲစင်းငုံတစ်အိတ်လျှင် ငွေကျပ် ၃၈၆,၀၀၀ ပေါက်ဈေးဖြစ်လာသည်။ ပဲတီစိမ်းအညာတစ်အိတ်လျှင် ငွေကျပ် ၁၅၅,၀၀၀ ပေါက်ဈေးဖြစ်နေသည်။

ပြည်တွင်းသုံး ကုလားပဲအုပ်စုမှာ ဈေးတည်ငြိမ်နေရာ မေလ ၂ ရက်တွင် ကုလားပဲ V2 တစ် အိတ်လျှင် ငွေကျပ် ၂၄၃,၀၀၀၊ ကုလားပဲ V7 တစ်အိတ်လျှင် ငွေကျပ် ၂၅၀,၀၀၀၊ ထိုင်ဝမ်ကုလားပဲ တစ်အိတ်လျှင် ငွေကျပ် ၂၂၃,၅၀၀၊ ၉၂၉ ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂၃၅,၀၀၀ အသီးသီးပေါက်ဈေးရှိနေသည်။

ပြည်တွင်းသုံးပဲမာလိုင်းများမှာလည်း လိုအပ်ချက်ရှိသလောက်သာအဝယ်ရှိနေရာ ပဲကြီးတစ်အိတ်လျှင် ငွေကျပ် ၂၆၅,၀၀၀၊ ပဲထောပတ်တစ်အိတ်လျှင် ငွေကျပ် ၃၄၅,၀၀၀၊မြေထောက်ပဲ တစ်အိတ်လျှင် ငွေကျပ် ၃၄၀,၀၀၀၊ ကျွန်းစားတော်ပဲ တစ်အိတ်လျှင် ငွေကျပ် ၂၇၀,၀၀၀၊ ကနေဒါစားတော်ပဲ တစ်အိတ်လျှင် ငွေကျပ် ၂၇၀,၀၀၀ ပေါက် ဈေးရှိနေပြီး မြေပဲအနီလုံးဆန်(မြင်းမူ) တစ်ပိဿာလျှင် ငွေကျပ် ၇၃၀၀ ပေါက်ဈေးရှိနေသည်။

မေလ ၂ ရက်တွင် နှမ်းမျိုးစုံ အနည်းငယ်မြင့်တက်လာရာ နှမ်းဖြူ(ဂျပန်) ၄၅ ပိဿာတစ်အိတ်လျှင် ငွေကျပ် ၄၂၀,၀၀၀၊ နှမ်းညိုတစ်အိတ်လျှင် ငွေကျပ် ၃၀၅,၀၀၀၊ နှမ်းနက်စမုန် တစ်အိတ်လျှင် ငွေကျပ် ၄၀၅,၀၀၀ အသီးသီးပေါက်ဈေးရှိနေကြောင်း သိရသည်။

**Source: မကွေးဂျာနယ်**

## တောင်ငူခရိုင်မှ ဈေးကွက်ဝင် Light House Coffee




တောင်ငူခရိုင်၊ ရေတာရှည်မြို့နယ်၊ မြို့လှမြို့တွင် ထုတ်လုပ်ရောင်းချလျက်ရှိသော Light House အမှတ်တံဆိပ်ကော်ဖီသည် ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်သည့်လုပ်ငန်းဖြစ်ပါသည်။ ၎င်းကော်ဖီသည် Arabica ကော်ဖီ အမျိုးအစားဖြစ်ပြီး Grade 85 အဆင့်ရရှိထားသည်။

မကွေးတိုင်းဒေသကြီး၊ မင်းတုန်းမြို့နယ်တွင် စိုက်ပျိုးပြီး ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ရေတာရှည်မြို့နယ်၊ မြို့လှမြို့၌ အခြောက်လှန်းပြီး ကိုယ်ပိုင်ကော်ဖီလှော်စက်ဖြင့်လှော်၍အမှုန့်ကြိတ်ကာ ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။ လက်ရှိ ပြည်တွင်းဈေးကွက်အနေဖြင့် ရန်ကုန်၊ ပဲခူး၊ ပြည်၊ တောင်ငူ၊ နေပြည်တော်မြို့များသို့ ဖြန့်ဖြူးလျက်ရှိပြီး ပြည်ပဈေးကွက်အနေဖြင့် ထိုင်းနိုင်ငံမှလည်း မှာယူမှုရှိကြောင်းသိရသည်။

၂၀၂၄ ခုနှစ် ဧပြီလအတွင်း ရောင်းချနေသောဈေးနှုန်းအနေဖြင့် ပြည်ပဈေးကွက်တွင် ၁၀၀ ဂရမ် တစ်ထုပ်လျှင် ၅၀၀၀ ကျပ်၊ ၂၀၀ ဂရမ်တစ်ထုပ်လျှင် ၁၀,၀၀၀ ကျပ်၊ ၅၀၀ ဂရမ်တစ်ထုပ်လျှင် ၂၀,၀၀၀ ကျပ်ဖြင့်ရောင်းချပြီး ပြည်ပဈေးကွက်သို့ ပိုမိုတင်ပို့နိုင်ရေးအတွက် စိုက်ကေများတိုးချဲ့ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း လုပ်ငန်းရှင် ဦးဇေယျာမင်း၏ ပြောပြချက်အရ သိရသည်။

Source: https://www.doca.gov.mm

## ငရုတ်ဈေး ပြန်လှုပ်ခတ်လာသော်လည်း ငရုတ်စိုက်တောင်သူများ ဈေးမရရှိသေး




ဆက်တိုက်ကျဆင်းနေသည့် ငရုတ်ဈေး ပြန်လှုပ်ခတ်လာသည်ဆိုသော်လည်း တွက်ချေကိုက်သောဈေးမရရှိသေးကြောင်း ငရုတ်စိုက်တောင်သူများထံမှ သတင်းရရှိသည်။

လက်ရှိ ပြည်တွင်းတိုက်ပွဲအခြေအနေများကြောင့် လမ်းပန်းဆက်သွယ်ရေးများ အခက်အခဲဖြစ်ကာ ပြည်ပနိုင်ငံများသို့တင်ပို့ရန် အခက်အခဲရှိနေသေးခြင်းကြောင့် ငရုတ်ဈေးမှာ စတင်ပေါ်သည့်အချိန်မှစ၍ ဆက်တိုက်ဈေးကျဆင်းနေခြင်းဖြစ်သည်။

ငရုတ်သီးအမှည့်စိုဈေးကွက် နည်းနည်းလေး လှုပ်စပြုလာတယ်ကြားတယ်။ ဒါပေမဲ့ ငရုတ်သီးက စိုက်ခင်းထဲမှာ သိပ်မရှိတော့ဘူး။ တောင်သူတွေမရောင်းရတော့ အခြောက်လှမ်းပြီး လှောင်ထားရတယ်။ ပြင်ပဈေးကွက်မှာသာ ဈေးတက်တယ်ပြောနေကြတာ တောင်သူတွေမှာ အရှုံးနဲ့ရင်ဆိုင်နေကြရတယ်”ဟု ရောဝတီတိုင်းဒေသကြီးမှ ငရုတ်စိုက်တောင်သူတစ်ဦးကပြောသည်။

လက်ရှိ ဘုရင့်နောင်ဈေးကွက်တွင် မြားနီငရုတ်မှာ ၃၅၀၀မှ ၄၀၀၀ ကျပ်၊ ပန်းတနော် ရှည် ၃၈၀၀ မှ ၄၀၀၀ ၊ ဆင်ဖြူကျွန်း (ပု) ၉၅၀၀ မှ ၁၀,၅၀၀ ကျပ်အထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ပြီးခဲ့သည့်အပတ် ဧပြီလ ၂၄ ရက်နေ့ဈေးဖြင့်ယှဉ်ပါက မြားနီမှာ ၅၀၀ ကျပ် ကျဆင်းသွားပြီး ပန်းတနော် (ရှည်)မှာ ၂၀၀ ကျပ်၊ ဆင်ဖြူကျွန်း (ပု) မှာ ၁၀၀၀ ကျပ်ထိ မြင့်တက်လာကြောင်း ငရုတ်ဈေးကွက်မှ သိရသည်။

ယခင်နှစ်က ငရုတ်ပွဲရုံများတွင် ငရုတ်သီးအမှည့်အစိုများကို အအေးခန်းကားများဖြင့် စနစ်တကျထုပ်ပိုး၍ ပြည်ပဈေးကွက်သို့ တင်ပို့နိုင်ခဲ့ပြီး ယခုနှစ်တွင် ငရုတ်အမှည့်အစိုများကို ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချရန် ဈေးကွက်ရရှိမှု နည်းပါးလာကြောင်းလည်း သိရသည်။

ငရုတ်သီးနှံမှာ ပြည်ပဝယ်လိုအားနည်းပါး၍ ပြည်တွင်းဈေးကွက်ကိုသာ အဓိကထားရောင်းချရသည့်အတွက် တချို့တောင်သူများအနေဖြင့် အသက်ရှူချောင်နေခြင်းဖြစ်ကြောင်းလည်းဆိုသည်။ အချို့ ငရုတ်ကုန်သည်များအနေဖြင့် အဝယ်ရပ်ထားကြရပြီး ရောင်းချမှုသာပြုလုပ်နေကြသည့်အတွက် အရောင်းအဝယ်အေးနေကြောင်း သိရသည်။

လက်ရှိအခက်အခဲ အခြေအနေအမျိုးမျိုးကြောင့် ငရုတ်ပေါက်ဈေးမှာ စိုက်စရိတ်ဖြင့် တွက်ချက်ပါက တွက်ခြေမကိုက်သည့်အပြင် အချို့ဒေသရှိ ငရုတ်စိုက်တောင်သူများ စိုက်စရိတ်မရဘဲ အရှုံးဖြင့်ရင်ဆိုင်နေရကြောင်း သိရသည်။

ပြည်တွင်းငရုတ်သီးမှာ ဖေဖော်ဝါရီလကစတင်ကာ လှိုင်လှိုင်ပေါ်ခဲ့ခြင်းဖြစ်ပြီး ထပ်မံစိုက်ရမည့်အချိန်သို့ ရောက်ရှိတော့မည်ဖြစ်ကြောင်း သိရသည်။

**Source: (AMIA)**

**https://t.me/htwettoe**

## ရောဝတီတိုင်းဒေသကြီး ကွမ်းသီးဝယ်လက်မရှိလို့ ဈေးကွက်ပျောက်နေ




ရောဝတီတိုင်းဒေသကြီးကထွက်ရှိတဲ့ ကွမ်းသီးဈေးကွက် ဝယ်လိုအားမရှိတာကြောင့် ဈေးကွက်ပျောက်နေတယ်လို့ ကွမ်းသီးရောင်းဝယ်ရေး လုပ်ကိုင်သူတွေဆီကနေ သိရပါတယ်။

လက်ရှိ ရောဝတီဒေသကြီးက ပွဲရုံတွေဟာ တနင်္သာရီတိုင်းဒေသကြီးကထွက်တဲ့ ကွမ်းသီးကိုသာ အဓိကဝယ်ယူနေပြီး ဒေသထွက်ကွမ်းသီးကို ဝယ်ယူမှုမရှိသလောက်ဖြစ်နေတာကြောင့် ကွမ်းသီးဈေးကွက် ပျောက်နေရခြင်းဖြစ်တယ်လို့ သိရပါတယ်။ “ရောဝတီဘက်က ကွမ်းသီးကို ပွဲရုံအတော်များများက မသုံးကြဘူး၊ ပြည်ပကအဝယ်မရှိ၊ ရေးတို့၊ မြိတ်တို့က အများဆုံးထွက်တော့ အခုပြည်တွင်းဈေးကွက်က အဆင်ပြေနေကြ

တာ၊ ရောဝတီက အလုံးသေးတော့ သိပ်မသုံးကြဘူး"လို့ ရောဝတီတိုင်းဒေသကြီးထွက် ကွမ်းသီးကို ရောင်းဝယ်ရေးလုပ်နေသူ တစ်ဦးကပြောပါ တယ်။

ရောဝတီတိုင်းဒေသကြီးကထွက်ရှိတဲ့ ကွမ်းသီးဈေးကွက်သည် ယခင်ဈေးအမြင့်ဆုံး တစ်ပိဿာကို ၉၀၀၀ ထိရရှိခဲ့ပေမဲ့ လက်ရှိမှာတော့ ကွမ်းသီးအခွံချွတ်ပြီးသားအလုံး တစ်ပိဿာကို ၂၅၀၀ ကျပ်သာရှိပြီး ဝယ်ယူသူမရှိသလောက်ဖြစ်နေတယ်လို့ သိရပါတယ်။

ဒါကြောင့် ရောဝတီဒေသကြီးက ကွမ်းသီးစိုက်ပျိုးသူတွေအနေနဲ့ စီးပွားဖြစ်လုပ်ငန်းအဖြစ် ခြံနဲ့စိုက်ပျိုးတာမျိုးထက် နေအိမ်မှာသာ တပိုင်တနိုင်စိုက်ပျိုးမှုရှိနေကြပြီး စိုက်ပျိုးထွက်ရှိတဲ့ ကွမ်းသီးကို ဈေးကွက်ဝယ်လိုအားမရှိ ဖြစ်နေရခြင်းဖြစ်ပါတယ်။

ရောဝတီတိုင်းဒေသကြီးအတွင်းမှ ကွမ်းသီးကို ပုသိမ်၊ ဖျာပုံ၊ ဘိုကလေး၊ ကျိုက်လတ်၊ မော်လမြိုင်ကျွန်း၊ ညောင်တုန်း၊ မအူပင်၊ ဝါးခယ်မ၊ ပန်းတနော်၊ ကန်ကြီးထောင့် အပါအဝင်စတဲ့မြို့နယ်တွေမှာ အများဆုံးစိုက်ပျိုးတာဖြစ်ပါတယ်။

တိုင်းအတွင်းကထွက်ရှိတဲ့ ကွမ်းသီးကို ကွမ်းသီးစိမ်းနဲ့ကွမ်းသီးခြောက်ရောင်းချကြပြီး အဓိကရန်ကုန်ဈေးကွက်ကိုသာ တင်ပို့ရောင်းချရတာဖြစ်တယ်လို့ သိရပါတယ်။

လက်ရှိမှာ ရောဝတီတိုင်းဒေသကြီးအပါအဝင် ကျန်တိုင်းဒေသကြီးကထွက်ရှိတဲ့ ကွမ်းသီးတွေဟာ ပြည်ပကိုတင်ပို့ရမှု မရှိသလောက်နည်းနေတာကြောင့် ပြည်တွင်းကိုပဲ အဓိကအားကိုးရောင်းချနေရတာဖြစ်ပါတယ်။

**Source: (AMIA)**

**Myanma Awba Group**

## လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Essential Motor Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် BYD Han အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ BYD Atto 3 အမျိုးအစားလျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Super Seven Stars Motors Industry Co., Ltd. မှ တင်သွင်းလာသော ကိုရီးယားနိုင်ငံထုတ် KIA EV-6 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Win Motor Myanmar Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Faw Toyota bZ4X အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Auto Top Power Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Dongfeng Honda ENS1 အမျိုးအစား လျှပ်စစ်သုံး မော်တော်ယာဉ်များနှင့် Faw Toyota bZ4X အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာပါသဖြင့် (၂-၅-၂၀၂၄) ရက်နေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။

**Source:** https://www-commerce-gov-mm.translate.goog/

## တရုတ်နိုင်ငံသို့ သစ်သီးတင်ပို့မှု ခိုင်မာစေရေးအတွက် ထိုင်းနိုင်ငံ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၏ တရုတ်ခရီးစဉ်တွင် တိုက်တွန်းခဲ့

နယ်စစ်စစ်ဆေးရေးဂိတ်မှ သစ်သီးတင်ပို့မှုလွယ်ကူချောမွေ့စေခြင်းဖြင့် နှစ်နိုင်ငံကုန်သွယ်ရေး ခိုင်မာမှုရှိစေရေးအတွက် ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူးနှင့်တွေ့ဆုံခဲ့မှုတွင် ထိုင်းနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီး Mr. Phumtham Wechayachai က တိုက်တွန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

နောင်ခိုင်-ဗီယန်ကျင်း-ယူနန် ရထားလမ်းမှတစ်ဆင့် ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် အစိုးရအနေဖြင့် ကတိပြုခဲ့ကြောင်း၊ ဒုတိယလမ်းကြောင်းသည် R3A အမြန်လမ်းဖြစ်ပြီး ချင်းရိုင်ပြည်နယ် Chiang Khong မှ လာအိုရှိ Boten စစ်ဆေးရေးဂိတ်နှင့် တရုတ်ရှိ Mohan စစ်ဆေးရေးဂိတ်တို့ကို အသုံးပြု၍ တရုတ်ကူမင်းသို့သွားရောက်မည့်လမ်းဖြစ်ပါကြောင်း၊ ဆွေးနွေးဆဲဖြစ်သည့် တတိယလမ်းကြောင်းမှာ Chiang Saen ဆိပ်ကမ်းမှ Guan Lei ဆိပ်ကမ်းသို့ ကုန်တင်သင်္ဘော လမ်းကြောင်းဖြစ်ပါကြောင်း၊ လမ်းကြောင်း ၃ ခုလုံးမှ ကုန်သွယ်ရေးလွယ်ကူချောမွေ့စေရန်နှင့် စောင့်ကြည့်ရန် တရုတ်ဘက်မှ ကတိပြုခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံ၏ အနောက်တောင်ပြည်နယ်သည် အရှေ့အာရှ၊ အရှေ့တောင်အာရှနှင့်တောင်အာရှသို့ ချိတ်ဆက်ပေးသည့် တရုတ်အနောက်ပိုင်းသို့ သွားရောက်ရန် အဓိကဝင်ပေါက်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ဆောင်ရွက်ခဲ့မှုသည် ကုန်သွယ်မှု အတားအဆီးများကိုလျှော့ချရန်၊ နယ်စစ်စစ်ဆေးရေးဂိတ်များ၏ ဖွင့်ချိန်၊ ပိတ်ချိန်တိုးမြှင့်ပေးရန်နှင့် ပြည့်ကျပ်မှုကို လျှော့ချပေးရန်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် ၂ လမ်းသွားကို ၁၂ လမ်းသွားအဖြစ် တိုးချဲ့လျက်ရှိပြီး ၂ နှစ်အတွင်း ပြီးစီးမည်ဟု ခန့်မှန်းရပါကြောင်း၊ ထိုင်းနိုင်ငံအနေဖြင့် လတ်ဆတ်ပြီး အရည်အသွေးမီသော ကုန်ပစ္စည်းများကို တရုတ်နိုင်ငံသို့ တင်ပို့နိုင်မည်ဖြစ်ပြီး ထောက်ပံ့ပို့ဆောင်ရေး ကုန်ကျစရိတ် လျှော့ချနိုင်မည်ဖြစ်ကြောင်း ဝန်ကြီးက သုံးသပ်ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံမှ ကျွဲနွားအရှင်၊ အေးခဲအမဲသားနှင့် ရာသီပေါ်သီးနှံများ တင်ပို့နိုင်ရေးအတွက် တရုတ်အကောက်ခွန်ဦးစီးဌာနနှင့် ဆွေးနွေးလျက်ရှိပါကြောင်း၊ မိမိတို့အနေဖြင့် တရုတ်၏ လုပ်ထုံးလုပ်နည်းများကို လိုက်နာသွားမည်ဖြစ်ပါကြောင်း၊ ယူနန်သည် ထိုင်းနိုင်ငံနှင့်အနီးစပ်ဆုံးသော တရုတ်ပြည်နယ်တစ်ခုဖြစ်ပြီး R3A လမ်းကြောင်းမှ ထိုင်းသစ်သီးများတင်ပို့ရာတွင် အရေးပါကြောင်း၊ ထိုင်းနိုင်ငံသည် တရုတ်သို့ နယ်စပ်စစ်ဆေးရေးဂိတ် ၆ ခုမှ လတ်ဆတ်သစ်သီးများ တင်ပို့လျက်ရှိပါကြောင်း၊ ၂၀၂၃ ခုနှစ်အတွင်း ယူနန်ပြည်နယ်သို့ သစ်သီးတင်ပို့ခဲ့မှုသည် အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၈ ဘီလီယံဖြစ်ကြောင်း သိရသည်။

ထိုင်းနိုင်ငံမှ လတ်ဆတ်သစ်သီးများကို တရုတ်နိုင်ငံသို့ တင်ပို့လျက်ရှိရာတွင် နယ်စပ်စစ်ဆေးရေးဂိတ် ၆ ခုကို အသုံးပြုလျက်ရှိရာ အရေးပါသောဂိတ်ပေါက်တစ်ခုဖြစ်သည့် ယူနန်လမ်းကြောင်းအတွက် သက်ဆိုင်ရာပြည်နယ်အုပ်ချုပ်ရေးမှူးထံသို့ သွားရောက်တွေ့ဆုံဆွေးနွေးခြင်းဖြင့် နှစ်နိုင်ငံအတွက် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

**Source: www.bangkokpost.com**

**သီတာဝင်း၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့။**

https://myantrade-gov-mm.translate.goog/article/Npt-

## STOCK EXCHANGE (3.5.2024)

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 3rd May, 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 17,412 (Shares) | 35,558,850 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,900 | +100 | +1.14% | 8,800 | 8,900 | 8,800 | 13 | 114,900 | 33,109,694 | 294,676 |
| MTSH | 00002 | 2,900 | +50 | +1.75% | 2,850 | 2,900 | 2,850 | 5,700 | 16,247,500 | 38,929,150 | 112,895 |
| MCB | 00003 | 7,900 | -100 | -1.25% | 7,900 | 7,900 | 7,900 | 5 | 39,500 | 10,400,986 | 82,168 |
| FPB | 00004 | 1,550 | +50 | +3.33% | 1,500 | 1,550 | 1,500 | 8,777 | 13,177,100 | 29,664,613 | 45,980 |
| TMH | 00005 | 2,750 | +0 | +0.00% | 2,750 | 2,750 | 2,750 | 0 | 0 | 12,823,224 | 35,264 |
| EFR | 00006 | 1,700 | +0 | +0.00% | 1,700 | 1,700 | 1,700 | 0 | 0 | 19,977,223 | 33,961 |
| AMATA | 00007 | 4,600 | +0 | +0.00% | 4,600 | 4,600 | 4,600 | 0 | 0 | 10,497,598 | 48,289 |
| MAEX | 00008 | 2,050 | -50 | -2.38% | 2,050 | 2,050 | 2,050 | 2,917 | 5,979,850 | 23,804,946 | 48,800 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 3rd May. 2024

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 372.20 | +2.39 | +0.65% | 369.25 | 372.20 | 368.62 | 17,412 | 35,558,850 | 8 | 702,033 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 3rd, May 2024

| Trading Volume | Trading Value |
|---|---|
| 17,412 (Shares) | 35,558,850 (MMK) |

## Main Board

As of 1:00 pm, 3rd May. 2024

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 17,412 (Shares) | 35,558,850 (MMK) |

| MYANPIX | 372.20 ▲ 2.39 |
|---|---|
| Total Volume (shares) | 17,412 |
| Total Value (MMK) | 36 mil |
| Listed Company | 8 |
| Market Cap. (MMK) | 702,033 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,900 | ▲ 100 |
| MTSH | 00002 | 2,900 | ▲ 50 |
| MCB | 00003 | 7,900 | ▼ 100 |
| FPB | 00004 | 1,550 | ▲ 50 |
| TMH | 00005 | 2,750 | ▲ 0 |
| EFR | 00006 | 1,700 | ▲ 0 |
| AMATA | 00007 | 4,600 | ▲ 0 |
| MAEX | 00008 | 2,050 | ▼ 50 |